Pray for Rohingya

EXPECTANTLY SOWING

မတ်လ(၂၂)မှ ဧပြီလ(၂၁)

## ရိုဟင်ဂျာအတွက် ရက်ပေါင်း(၃၀)ဆုတောင်းခြင်း

# ဧဝံဂေလိတရား၏ တန်ခိုးအားဖြင့် ရိုဟင်ဂျာတို့ ပြောင်းလဲခြင်းကိုမြင်ရန် မျှော်လင့်၍မျိုးစေ့ချခြင်း



*'ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက် ခြင်းမရှိ၊ အကြောင်းမူကား ထိုတရားသည် ရှေးဦးစွာ၌ယုဒလူ၊ နောက် ၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင် စေသော ဘုရားသခင်၏တန်ခိုး တော် ဖြစ်၏။'(ရောမ၊ ၁း၁၆)*

အောက်ပါ ဆုတောင်းချက်တို့သည် ရိုဟင်ဂျာများ နေထိုင်ရာတိုင်းပြည်၊ ရိုဟင်ဂျာယုံကြည်သူများနှင့် သာသနာပြုခြင်းများ (ဘာသာပြန်၊ ရေဒီယို၊ မီဒီယာ)တို့ကို သင်ဆုတောင်းရန် လမ်းညွှန်လိမ့်မည်။ ဤလမ်းညွှန်ချက်သည် ရိုဟင်ဂျာအတွက် ရက်ပေါင်း(၃၀) ဆက်၍ဆုတောင်းဖို့ တိုက်တွန်းခြင်း၊ အားဖြည့်ခြင်းဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

ကမ္ဘာအနှံ့ရှိ ရိုဟင်ဂျာတို့၏အခြေအနေနှင့် သူတို့ အသက်တာပြောင်းလဲဖို့ ဘုရားသခင်သည် သူတို့ထံသို့ရောက်ရန် ယုံကြည်မျှော်လင့်ခြင်းနှင့်အတူ ကျွန်ုပ်တို့ ဆုတောင်းခြင်း၌ ပူးပေါင်းသောကြောင့် ကျေးဇူးတင်ပါသည်။

## တိုင်းနိုင်ငံနှင့်လူတို့၌ ဦးတည်ချက်ထားခြင်း

1 ပါကစ္စတန်ရှိ ရိုဟင်ဂျာတို့သည် ပြင်ပကမ္ဘာနှင့် ကင်းကွာနေသောကြောင့် ဧဝံဂေလိသတင်းကောင်းကို မကြားရစဲ ဖြစ်နေသည်။ ရိုဟင်ဂျာအများစုမှာ (၁၉၆၀) နှင့် (၁၉၈၀) အတွင်း မြန်မာပြည်မှ ထွက်ပြေးလာသောသူများဖြစ်သည်။ အစိုးရက သူတို့၏လိုအပ်မှုတို့ကို ပယ်ချထားသောကြောင့် သူတို့အခြေအနေသည် ဆိုးဝါးလျက် ရှိသည်။ နိုင်ငံသားအသစ်ခံယူခြင်းဥပဒေအတွက်လည်းကောင်း၊ ဆင်းရဲခြင်းမှ လွတ်မြောက်ပြီး ပါကစ္စတန်ရှိ ဧဝံဂေလိအသိုင်းအဝိုင်းထဲ၌ ရောက်ရှိပါဝင်လာရန်လည်းကောင်း ဆုတောင်းပါ။

2 ရာမင်သည် ပါကစ္စတန်မှာမွေး၍ ကြီးပြင်းလာသော ရိုဟင်ဂျာတစ်ဦးဖြစ်သည်။ သူသည် နိုင်ငံသားအထောက်အထား မရှိသောသူဖြစ်၍ ပညာရေးလိုက်စားဖို့ အခွင့်အရေးမရနိုင်ခဲ့ပါ။ ပါကစ္စတန်ရှိ ရိုဟင်ဂျာများ ယေရှုခရစ်တော်၌ရှိသော အနာဂတ်မျှော်လင့်ချက်တည်းဟူသော ကယ်တင်ခြင်းသတင်းကောင်းကို လက်ခံရရှိဖို့ ဒေသတွင်းယုံကြည်သူများက ရိုဟင်ဂျာတို့နှင့် မိတ်ဆွေဖြစ်ဖို့ရန် ဆုတောင်းပါ။

3 နှစ်သိန်းငါးသောင်းခန့်သော ရိုဟင်ဂျာတို့သည် ဆော်ဒီအာရေဗျ၌ နေထိုင်ကြသည်။ ကျောင်းတက်ခွင့်ရကြသလို အများအားဖြင့် အလုပ်ရှိကြသည်။ ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းပြီး ရိုဟင်ဂျာနှင့် မျိုးစေ့ကြဲသောသူတို့ကြားမှာ အသီးအပွင့်ရှိသောဆက်ဆံရေးရှိဖို့ ဆုတောင်းပါ။

4 ဟာမစ်သည် ဆော်ဒီအာရေဗျမှာနေသော လူငယ်တစ်ဦးဖြစ်သည်။ ပညာဆုံးခန်းတိုင်အောင် သင်နိုင်ပြီး မကြာခင် လက်ထပ်တော့မည်။ ရိုဟင်ဂျာတို့သည် ဟာမစ်ကဲ့သို့ပင်ခရစ်တော်ကို သိချင်သောစိတ်ရှိဖို့ ဘုရားသခင်၏တန်ခိုးသည် သူတို့၌ ပြပြင်ခြင်းရှိရန် ဆုတောင်းပါ။ ခရစ်တော်၏သက်သေခံတို့နှင့်တွေ့ပြီး သူ၏ ဘဝအသစ်အကြောင်း ဝေငှနိုင်ဖို့ ဆုတောင်းပါ။

5 အယ်ရှာဒိုင်းသည် ရိုဟင်ဂျာမိသားစုနှင့်ကလေးများကို ပညာရေးနှင့် အထောက်အပံ့ပြုသော မလေးရှားနိုင်ငံရှိ သာသနာပြုအဖွဲ့တစ်ခုဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာအကြောင်း ကြီးစွာသက်သေခံခြင်း၊ အပယ်ခံလူတို့၌ ဂုဏ်အသရေရှိအောင် လူဝင်ဆန့်ရန် နေရာပေး ပြုလုပ်ကြသည်။ မလေးရှားနိုင်ငံရှိ ဤသာသနာနှင့် အခြားသောပညာရေးသာသနာအဖွဲ့တို့သည် ဧဝံဂေလိမျိုးစေ့ကိုချ ၍ ယေရှုခရစ်တော်၌ ယုံကြည်လက်ခံလာစေရန် အကောင်းဆုံးလုပ်နိုင်ဖို့ ဆုတောင်းပါ။

6 ဘာဟစ်နှင့် သူ၏ဇနီး ဆနီယသည် မလေးရှားနိုင်ငံ၌ နေထိုင်ကြသည်။ သူတို့သည် ဧဝံဂေလိပုံပြင်များကိုဖွင့်ပြီး ယေရှုခရစ်တော်သည် အဘယ်ကဲ့သို့ကူညီထောက်ပံ့ကြောင်း၊ လုပ်ဆောင်သောသူများ ဖြစ်သည်။ ညအချိန် သူတို့၌ နတ်ဆိုးဝိညာဉ်ရောက်ရှိလာသည်။ သူတို့သည် အလွန်ကြောက်ရွံ့ပြီး လွတ်မြောက်နိုင်ဖို့ ရှာကြရာ နတ်ဆရာက ကူညီပေးဖို့ စာရင်းသွင်းလုပ်ဆောင်ကြသည်။ သူတို့သည် ယေရှုခရစ်တော်၌သာ ပြောင်းလဲဖို့ စစ်မှန်သောလွတ်မြောက်ခြင်းကို ရှာတွေ့နိုင်မည့်အကြောင်း ဆုတောင်းပေးပါ။

7 ဖိလစ်သည် ထိုင်းနိုင်ငံ၌ နေထိုင်သည်။ ကလေးဘဝရွာမှာ ယေရှုခရစ်တော်ကို ရုပ်ရှင်၌ မြင်ခဲ့ရခြင်းကို ကောင်းစွာမှတ်မိနေသည်။ ကျွန်ုပ်တို့ သူနှင့်တွေ့သောအခါ ဖတ်စရာစာအုပ် ရှိပါသလားဟု မေးသည်။ ယခု သူသည် လုကာနှင့် ယောဟန်အပြင် ကျမ်းစာပုံပြင် (၃၆) ခုကိုလည်း သူ့ဘာသာစကားနှင့် နားထောင်နေပြီး သူသည် နေ့စဉ်အချိန်ယူနားထောင်ပြီး နှုတ်ကပတ်တော်အားဖြင့် ထိတွေ့ခြင်းရှိဖို့ ဆုတောင်းပေးပါ။

8 အိန္ဒိယ၌ရိုဟင်ဂျာ လေးသောင်းခန့်ရှိသည်။ သူတို့၌ သင့်လျော်သော စာရွက်စာတမ်းမရှိ၍ ထိန်းသိမ်းခံရခြင်း၊ ပြည်နှင်ဒဏ်ခံရခြင်းတို့အောက်မှာ နေကြရသည်။ အချို့သောအိန္ဒိယယုံကြည်သူတို့သည် သူတို့ထံအရောက်သွားပြီး လိုအပ်သည်များကို လက်တွေ့ကူညီပေး၍ ပညာရေးအတွက်လည်း ပြင်ဆင်ပေးသည်။ သူတို့၌ အလုပ်နှင့်စကားသာမက ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာကိုပါ ဝေမျှနိုင်သောအခွင့်အရေးရဖို့ ဆုတောင်းပေးပါ။

9 မြန်မာနိုင်ငံ၌လည်း တိုင်းရင်းသားအသင်းတော်များ၌ ရိုဟင်ဂျာများနှင့် ပတ်သက်ပြီး စာနာကရုဏာစိတ်များ တဖြည်းဖြည်း ကြီးထွားလျက်ရှိသည်။ တိုင်းရင်းသားယုံကြည်သူတို့၏ မစသောလက်တို့သည် ရိုဟင်ဂျာတို့၌ ဧဝံဂေလိဟောပြောခြင်းနှင့်အတူ သက်ရောက်ဖို့ ဆုတောင်းပေးပါ။ သူတို့၏ ပထဝီ အနေအထားနှင့် ဘာသာစကားစွမ်းရည်တို့သည် ယခင်က မရှိဖူးခဲ့သည့် တံခါးဖွင့်ခြင်းအခွင့်အရေးများကို ရရှိစေသည်။ ဘုရားသခင်သည် သူတို့၌ ဘုန်းတော် ထင်ရှားစေရန် ပို၍ အသုံးပြုဖို့ ဆုတောင်းပါ။

10 ဆမီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နေထိုင်သည်။ တစ်နေ့မှာ တံခါးအပြင်ဘက်မှာ လမ်းလျှောက်ထွက်စဉ် မှောင်မိုက်သောလူတစ်ယောက်သည် မျက်လုံးအနီ တောက်ပခြင်းနှင့်တကွ သူမ၏ရှေ့မှာ ရပ်နေသည်။ သူမသည် မိမိလက်ထဲမှ ရေအိုးကို ပစ်ချပြီး အထိန်းအကွပ်မဲ့ရယ်မောနေသည်။ ထိုပုံရိပ်ပျောက်သွားသောအခါ သူမသည် ရယ်မောနေရာက အလွန်ကြောက်ရွံ့နေမိသည်။ ဆမီးနှင့်တကွ ရိုဟင်ဂျာများ ယေရှုခရစ်တော်၏ တန်ခိုးကြီးသောနာမတော်ကို သိ၍ ယုံကြည်ကိုးစားပြီး မာရ်နတ် နှိပ်စက်ခြင်းမှ လွတ်ဖို့ ဆုတောင်းပေးပါ။

11 ရိုစီသည် မိခင်အသစ်တစ်ဦးဖြစ်ပြီး ဂျပန်နှင့် ပေါင်းသင်းလိုက်သည်။ သူတို့သည် ဂျပန်၌ ရိုဟင်ဂျာအသိုင်းအဝိုင်းငယ်တစ်ခု၌ ပါဝင်ကြသည်။ ဂျပန်စကားနှင့် လူမှုရေးစနစ်တို့သည် သူမ၏ယဉ်ကျေးမှုနှင့် အလွန်ကွဲပြားလေသည်။ ဂျပန်နိုင်ငံရှိ ရိုစီနှင့် ရိုဟင်ဂျာတို့သည် ဒေသန္တရခရစ်ယာန်တို့မှ မိတ်ဆွေဖွဲ့ခြင်း၊ ထောက်ပံ့ခြင်းရဖို့ ဆုတောင်းပေးပါ။

12 ခန် အသင်းတော်သို့ ရိုဟင်ဂျာစုံတွဲရောက်လာလည်ပတ်ပြီး သူတို့ကိုယ် သူတို့ မိတ်ဆက်ကြသည်။ မေရှိယသခင် ယေရှုခရစ်တော်အကြောင်းကို မေးပြီး ပို၍သိလိုကြောင်း ပြောကြသည်။ သူတို့တစ်ကြိမ်သာရောက်လာသော်လည်း သူတို့အတွက် အသင်းတော်က စ၍ဆုတောင်းပေးနေကြသည်။ ယေရှုခရစ်တော်နောက်လိုက်သော ဂျပန်လူမျိုးများနှင့် သူတို့သည် ပို၍ထိတွေ့ပြီး မေရှိယသခင်အကြောင်း ပို၍ထိတွေ့ဖို့ ဆုတောင်းပေးပါ။

13 အမေရိကရှိ အသင်းတော်တစ်ပါးသည် နီပေါနိုင်ငံ ရိုဟင်ဂျာတို့နှင့် ဆက်ဆံရေးတည်ဆောက်ရာ၌ တိုးတက်မှုရှိသည်။ သူတို့သည် တရားဥပဒေ အမှန်အကန် ဖွံ့ဖြိုးခြင်းတို့၌ ကျွမ်းကျင်သောသူများနှင့် အကောင်းဆုံးဆက်သွယ်မှုရှိရန် ဆုတောင်းပေးပါ။ ရိုဟင်ဂျာခေါင်းဆောင်တို့နှင့် ဆက်ဆံသည့်အခါမှာ မှီခိုမှုကို လျော့ပြီး ထောက်ပံ့မှုကိုတိုးစေသော နည်းဗျူဟာ၊ ဉာဏ်ပညာရှိဖို့ ဆုတောင်းပေးပါ။

14 နီပေါနိုင်ငံသည် ရိုဟင်ဂျာအစုအဖွဲ့ငယ်များ နေထိုင်ရာအိမ်ဖြစ်လာသည်။ ခေါင်းဆောင်အချို့တို့သည် အမေရိကမှ အသင်းတော်တစ်ပါးနှင့် လုပ်ဖော်ဆောင်ဖက်ဖြစ်ကြပြီး ယုံကြည်ခြင်းဆိုင်ရာ စကားအသုံးအနှုန်းပွင့်လင်းမှု ရှိကြသည်။ ထိုစကားအသုံးအနှုန်းတို့သည် ဆက်လက်နက်ရှိုင်းပြီး ဧဝံဂလိတန်ခိုး ထိုးဖောက်မှုရှိစေဖို့ ဆုတောင်းပါ။ ခေါင်းဆောင်တို့သည် အမေရိကန်မိတ်ဆွေတို့၏ ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ယေရှုခရစ်တော်အကြောင်း ပို၍မေးမြန်းစုံစမ်းခြင်းဖြင့်လည်းကောင်း၊ အားပြည့်နေစေဖို့ ဆုတောင်းပေးပါ။

## မီဒီယာမှ လှုပ်ရှားမှုသို့

15 အပတ်စဉ်တိုင်း နေရာ (၃) ခုတွင် ရိုဟင်ဂျာ တစ်သောင်းကျော်၌ ယေရှု ဗီဒီယိုကို သွားရောက်ပြသကြသည်။ ဖိတ်ခေါ်ချက်နှင့်တကွ မေးခွန်းများ၊ အပြန်အလှန်စကားပြောခြင်းများဖြင့် မီဒီယာက အကျိုးရှိလာခဲ့သည်။ ဧဝံဂေလိနှင့်တကွ တပည့်တော်ဖြစ်ခြင်းဆိုင်ရာ မျက်နှာစုံညီအစည်းအဝေးများရှိလာဖို့ မျှော်လင့်ရသည်။ အသီးအပွင့်ဆိုင်ရာ နောက်ဆက်တွဲအဆင့်ဆင့်အတွက် ရှာဖွေသောသူတို့ထံ ထိုသတင်းပုံတင်မှုများ ရောက်ရှိဖို့ ဆုတောင်းပါ။

16 အက်ဘဒလ်သည် အွန်လိုင်းမှနေ၍ ရိုဟင်ဂျာစကားနှင့် ယေရှုအကြောင်း ဗီဒယိုကို ကြည့်သည်။ သူသည် မိမိမိတ်ဆွေတို့၌လည်းကောင်း၊Tik Tok မိတ်ဆွေတို့၌လည်းကောင်း စတင်ဝေငှသည်။ သူ၏ Tik Tok မိတ်ဆွေလူဦးရေထက်၊ သူထုတ်လွှင့်သော ယေရှုအကြောင်းTik Tok ကြည့်သူ ပို၍ပင် များသည်။ အက်ဘဒလ်သည် ယေရှုခရစ်တော်နောက်လိုက်ပြီး ရိုဟင်ဂျာတို့၌ သူ့ကိုပို၍ ဘုရားသခင် အသုံးပြုဖို့ ဆုတောင်းပေးပါ။ ကျွန်ုပ်တို့ထင်သည်ထက်ပို၍ ရရှိသော အခွင့်အရေးများအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။

17 အင်ရမ်သည် Facebookကို ဖွင့်၍ ရိုဟင်ဂျာစကားနှင့် ယေရှုရုပ်ရှင် ကြည့်ဖို့ ဖိတ်ခေါ်မှုကို လက်ခံလိုက်သည်။ ကြော်ငြာများကိုစောင့် ကြည့်အပြီး သူသည် အဖွဲ့ထံသို့ စာရေးသတင်းပို့လိုက်သည်။ ‘ယခုမှစ၍ ငါသည် မှန်သောလမ်းမှာ လျှောက်မည်။ လူတို့၌ နောက်တစ်ကြိမ် ဘယ်သောအခါမျှ မုသာ မပြောတော့ပါ။’ ထို့နောက်ပိုင်းတွင် သူကဆက်၍ပြောသည်။ ‘ယခုမှစ၍ ငါသည် ယေရှုခရစ်တော်လမ်းညွှန်ချက်အတိုင်း လုပ်မည်။ လူတိုင်းနှင့် ရိုးသားစွာ ဘာသာရေးကိုင်းရှိုင်းစွာ ဆက်သွယ်ပြီး သူတို့အတွက် အားထုတ်ဆုတောင်းပေးမည်။’ ယေရှုခရစ်တော်နောက်လိုက်ဖို့ သူ၏ဆန္ဒကြီးထွားခြင်းနှင့် သူ၏ပြောသည့်အတိုင်း လုပ်ဆောင်နိုင်ဖို့ရန် နောက်ဆက်တွဲပြုစုပျိုးထောင်သောအဖွဲ့အတွက် ဆုတောင်း ပေးပါ။



## ရေဒီယိုသာသနာ

18 မြန်မာနိုင်ငံ ရခိုင်ပြည် တောရွာများ၌ ရိုဟင်ဂျာ အမြောက်အမြား နေထိုင်ပြီး ကယ်တင်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ရန်ပြေငြိမ်းခြင်းအကြောင်း ရေဒီယိုလှိုင်းတို မီတာမှ နားထောင်နေကြရသည်။ ထိုသို့နားထောင်နေသောသူတို့ကို ဆက်သွယ်၍ သက်သေခံလုပ်ဆောင်သောသူများရှိ ကြသည်။ သူတို့၏ ဘုရားသခင်ကို ဆာငတ်မှုလည်း ထင်ရှားသည်။ ရေဒီယိုသာသနာအတွက်လည်းကောင်း၊ မီဒီယာသာသနာ ကျယ်ပြန့်မှုအတွက်လည်းကောင်း၊ ဆုတောင်းပါ။

19 အဖွဲ့အစည်းနှစ်ခုသည် ရခိုင်ပြည်နယ်တစ်လျှောက် ရိုဟင်ဂျာစကားပြောသောရွာများ၌ တီထွင်စမ်းသပ်ထားသော MP3 ဆိုလာအသံလွှင့်စက်များကို ဖြန့်ဝေခြင်းဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပို၍ကြားခွင့်ရရှိမည်ဖြစ်သည်။ နိုင်ငံတော်စိတ်သဘောရှိသည့် သာသနာပါဝင်မှုအတွက် ကျေးဇူးတော်ချီးမွမ်းပြီး လက်တွေ့ဖြန့်ချိမှု၌ လူတို့စိတ်နှလုံးဖွင့်ဖို့အတွက် ဆုတောင်းပေးခြင်းများကို ပြုပါ။



## ဘာသာပြန်ခြင်း

20 ကျမ်းစာကို ရိုဟင်ဂျာစကားနှင့် ဘာသာပြန်ခြင်းသည် အဓိကကျသော သာသနာ့ဗျူဟာဖြစ်သည်။ လူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြားဖို့ ရန်သူသည် နည်းအမျိုးမျိုးနှင့် တားဆီးသည်။ စည်းလုံးခြင်း၊ ဉာဏ်ပညာ၊ စိတ်ရှည်ခြင်း၊ နှိမ့်ချခြင်းရှိဖို့ ဆုတောင်းပေးပြီး ပြည်ပရှိ ဘာသာပြန်သူတို့သည်လည်း ဘာသာပြန်ခြင်းအမှု၌ ပါဝင်လာနိုင်ဖို့ ဆုတောင်းပါ။ ရိုဟင်ဂျာစကားနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားသောသူတိုင်း ကိုယ်တော်၏ ချစ်ခြင်းမေတ္တာတန်ခိုးနှင့် ပြောင်းလဲဖို့ ဆုတောင်းပေးပါ။

21 ကျမ်းစာအချိုးအစားအနည်းငယ်နှင့် အခြားသောကျမ်းစာဆိုင်ရာ ပစ္စည်းတန်ဆာပလာများ ဘာသာပြန်ဆိုနိုင်ခြင်းအတွက် ဘုရားသခင်၌ ချီးမွမ်းပါ။ ကမ္ဘာအနှံ့ရှိ ရိုဟင်ဂျာတို့၌ အရောက်ဖြန့်ချိပေးနိုင်ဖို့ ဆုတောင်းပါ။ သူတို့၏ဘဝအသက်တာ၌ အနာရောဂါငြိမ်းခြင်း၊ ဘဝအသက်တာများပြောင်းလဲခြင်းရှိဖို့ ဘုရားသခင်သည် ဘာသာပြန်ကျမ်းစာတန်ခိုးနှင့် ပြုပြင်ခြင်းရှိရန် ဆုတောင်းပါ။



## ယုံကြည်သူများ

22 ဆရစ်သည် နှစ်အနည်းငယ်ခန့်က ယုံကြည်လာပြီး သူ့ဒေသ၌ တစ်ဦးတည်းသော ယုံကြည်သူဖြစ်သည်။ လူ့အသိုင်းအဝိုင်းဖိနှိပ်မှုနှင့် ခရစ်ယာန်မိတ်သဟာယချို့တဲ့မှုတို့သည် စိတ်ပျက်စရာနှင့် ကြီးသောစိန်ခေါ်မှုများ ဖြစ်စေသည်။ ဆရစ်သည် နေ့စဉ် ဘုရားသခင်နှင့်နီးကပ်စွာ အသက်ရှင်ပြီး ဆန့်ကျင်မှုတို့ကို ခံရပ်နိုင်စွမ်းရှိဖို့ ဆုတောင်းပေးပါ။ သူနှင့်ပုံစံတူ အခြေအနေများ ၌ရှိသောသူတို့အတွက်လည်း ဆုတောင်းပေးပါ။

23 ဇကီရာသည် ရိုဟင်ဂျာယုံကြည်သူတစ်ယောက်ဖြစ်ပြီး မိမိအခြေအနေကြောင့် နှစ်နှစ်ခန့် ကျမ်းစာနှင့်ထိတွေ့မှု မရှိပါ။ အတိတ်ကကြားခဲ့ဖူးသော ကျမ်းစာအကြောင်းကိုသာ ပြန်သတိရပြီး ဆက်၍ယုံကြည်နေသည်။ ယခု သူသည် ကျမ်းစာနှင့်ထိတွေ့ပြီး ကြီးထွားလာစေခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းပါ။ ယုံကြည်သူနှင့် မယုံကြည်သူတို့၌ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပို၍ ထိတွေ့လုပ်ဆောင်နိုင်ဖို့ ဆုတောင်းပါ။

24 မြန်မာနိုင်ငံ၌ အကြမ်းဖျင်းအားဖြင့် ရိုဟင်ဂျာ လေးသိန်းခန့်ရှိနေစဲ ဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုကြားမှာ ရုန်းကန်နေရစဲဖြစ်သောကြောင့် ယုံကြည်သူအနည်းငယ်သာ ဘုရားသခင်နောက်ကို သစ္စာရှိစွာ လိုက်နေကြသည်။ သူတို့၏ ချစ်ခြင်းမေတ္တာနှင့် သက်သေခံခြင်းသည် ယေရှုခရစ်တော်၌ လူတို့ပို၍ပြောင်းလဲကြသည်။ ဝိညာဉ်နှင့် ကာယဆိုင်ရာ လိုအပ်ချက်များကို ရရှိပြီး ရဲရင့်ခြင်း၊ ဉာဏ်ပညာနှင့် သက်သေခံဝေငှရာတွင် ကွယ်ကာမစခြင်းရှိဖို့ ဆုတောင်းပါ။

25 ရိုဟင်ဂျာတို့သည် ယေရှုခရစ်တော်ကို ယုံလာသည်မှာ (၁၅) နှစ်ကျော်လာပြီ ဖြစ်သည်။ တစ်ဦးချင်းသော်လည်းကောင်း၊ တစ်မိသားစုလုံးနှင့် လူ့အသိုင်းအဝိုင်း အလိုက်ဖြစ်သည်။ သို့သော် များမကြာခင် အုပ်ချုပ်သူခေါင်းဆောင်တို့ကြောင့် ကွဲပြားမှုနှင့် ခွဲထွက်မှုတို့သည် မိသားစုအလိုက် သစ္စာရှိမှုတို့၌ ပေါ်ထွက်လာသည်။ စည်းလုံးခြင်း၊ ယုံကြည်ကိုးစားခြင်းနှင့် ရန်ပြေငြိမ်းခြင်းအတွက် ဆုတောင်းပေးပါ။ နှိမ့်ချ၍ အစေခံသောခေါင်းဆောင်များ မျိုးဆက်သစ်၌ ပေါ်လာဖို့ ဆုတောင်းပေးပါ။

26 ဘင်္ဂလားဒေ့ရှ်စခန်းရှိ မိသားစုအချို့တို့သည် လျှို့ဝှက်စွာ ယေရှုခရစ်တော်နောက်သို့လိုက်နေရင်းမှ ယခုပွင့်လင်းစွာ ယုံကြည်လာကြသည်။ ထိုအကြောင်းကြောင့် ဖိနှိပ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ခံရပြီး ရေသုံးစွဲမှုအခွင့်လည်း ပိတ်ပင်ခြင်း ခံရသည်။ နှစ်ဖက်စလုံး၌ ငြိမ်းချမ်းသောအဖြေရရှိဖို့ ဆုတောင်းပေးပါ။ မူစလင် အသိုင်းအဝိုင်းကြားမှာလည်း စိတ်နှလုံးသားများ ဖွင့်လာဖို့ ဆုတောင်းပေးပါ။

27 ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ယေရှုခရစ်တော်နောက်လိုက်တို့သည် မမှန်သော စွဲချက်များနှင့်တကွ အကြွင်းမဲ့အာဏာရှင်ဆန်ဆန် စီရင်ခြင်္လးဏ်ကိုခံရန် ပစ်မှတ်ဖြစ်နေသည်။ သီတင်းပတ်အချို့တို့၌ညီအစ်ကိုအချို့နှင့် မူစလင်မိတ်ဆွေများ အဖမ်းခံရသည်။ သို့သော် အချိန်အနည်းငယ်အတွင်း တစ်ယောက်သောသူ လွှတ်လာသည်။ ယခု သူသည် အခြေအမြစ်မရှိ လူသတ်မှုတစ်ခုနှင့် ရင်ဆိုင်နေရသည်။ ကျွန်ုပ်တို့ညီအစ်ကိုများ အကျဉ်းကျနေရာ၌ ရဲရင့်ခြင်း နှင့်သက်သေခံနိုင်ဖို့၊ တရားမျှတမှုရှိဖို့ ကျေးဇူးပြု၍ ဆုတောင်းပေးပါ။

28 ယေရှုခရစ်တော်သည် ခက်ခဲသည့် အခြေအနေကြားမှာပင် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းတို့၌ မိမိ၏နိုင်ငံတော်ကို တည်ထောင်လျက်ရှိသည်။ ထူးဆန်းသော တိုက်ဆိုင်မှုအားဖြင့် အလှမ်းဝေးသောနေရာ၌ ခရစ်တော်အကြောင်းသိလိုသောသူ သည် ယုံကြည်သူတစ်ဦးနှင့် အခြားသောတစ်နေရာ၌ တွေ့ဆုံပြီး၊ ထိုသူမှာ စိတ်တို့ ထိခြင်းခံရသည်။ လအနည်းငယ်ကြာသောအခါ ယခု ဒါဇင်ပေါင်းများစွာသော လူတို့သည် ကျမ်းစာပုံပြင်လေ့လာခြင်း၌ ပုံမှန်စုဝေးလာကြသည်။ ထိုနေရာ၌ ထိုးဖောက်မှုနှင့် ယုံကြည်ခြင်းပေါက်ဖွားလာရန် ဆုတောင်းပေးပါ။

29 မြန်မာနိုင်ငံရှိ ယုံကြည်သူရိုဟင်ဂျာတို့၌ပြောင်းလဲလာသော လူသစ်များကို မြင်ရခြင်းသည် အလွန်စိတ်လှုပ်ရှားဖွယ်ဖြစ်သည်။ ယေရှုခရစ်တော်နောက်လိုက်တို့သည် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရပြီး သူတို့၏ ယုံကြည်ခြင်းသည်လည်း အားနည်းချက်များရှိလာသည်။ လက်တွေ့တပည့်တော်ဖြစ်ခြင်းသည် သူတို့၏ ယုံကြည်ခြင်းကြီးထွားဖို့ ကူညီပျိုးထောင်သည့်အနေနှင့် အလွန်လိုအပ်သည်။ တပည့်တော်ဖြစ်ခြင်း၌လိုက်လျော ညီထွေခြင်း၊ ဆန်းသစ်ခြင်း၊ တီထွင်ခြင်းတို့အတွက် ဆုတောင်းပေးပါ။ ဤပြောင်းလဲလာသော လူသစ်များတို့သည် ဖြောင့်မတ်ခြင်း၏ရဲရင့်ခြင်းတိုးပွားဖို့ ဆုတောင်းပေးပါ။

30 စလင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌နေသော ရိုဟင်ဂျာယုံကြည်သူတစ်ယောက်ဖြစ်ပြီး အခြားသောယုံကြည်သူများကို ရိုဟင်ဂျာဘုရားကျောင်း၌ တပည့်တော်ဖြစ်ကျမ်းစာသင်တန်းကို ဦးဆောင်နေသူဖြစ်သည်။ စလင်းသည် ဘုရားသခင်၏နိုင်ငံတော်အတွက် တန်ခိုးပါသော လှုပ်ရှားမှုနှင့်တကွ သူဦးဆောင်သောအဖွဲ့ကြီးထွားခြင်းရှိဖို့ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြပေးရန် ဆုတောင်းပေးပါ။ တစ်စစီဖြစ်နေသော ရိုဟင်ဂျာဘုရားကျောင်း၌ ကျေးဇူးတော်နှင့် ရန်ပြေငြိမ်းခြင်းကို သန့်ရှင်းသောဝိညာဉ်တော်က ဖော်ဆောင်ပေးဖို့ရန် ဆုတောင်းပေးပါ။



## WANT TO KEEP PRAYING?

Scan the QR code and sign up to receive regular short prayer requests via WhatsApp.

For more information visit:
pray4rohingya.org